mgyoe.com


ကလေးများလေ့လာဖွယ် အတ္ထုပ္ပတ္တိရုပ်ပြ

စိတ်ကူးချိုချိုအနုပညာ

# စင်ကာပူအမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယု ရဲ့ ငယ်ဘဝ

# ဟယ်ရီ လို့ ခေါ်တဲ့ လူငယ်လေးတစ်ယောက်

အောင်စည်သာ
(မြန်မာပြန်)




# A Boy Named Harry

The Childhood of Lee Kuan Yew

Illustrated by
PATRICK YEE

mgyoe.com

စင်ကာပူနိုင်ငံရဲ့ ပထမဆုံးဝန်ကြီးချုပ်ဖြစ်တဲ့ လီကွမ်ယုရဲ့ ငယ်နာမည်ဟာ ဟယ်ရီလို့ ခေါ်ပါတယ်။ ကျောင်းမှာတော့ မစ္စတာလီဟာ အဆော့သန်၊ အနောက်သန်တဲ့ လူဆိုးလေးတစ်ယောက်ပါ။ ဒါပေမဲ့ သူ့မှာ အပြိုင်အဆိုင်စိတ်ဓာတ်နဲ့ မဆုတ်မနစ် လုပ်တတ်တဲ့ ဇွဲ၊ လုံ့လတွေလည်း ရှိခဲ့ပါတယ်။ “ဟယ်ရီလို့ခေါ်တဲ့ လူငယ်လေးတစ်ယောက်”ဆိုတဲ့ ယခုစာအုပ်ဟာ ဝန်ကြီးချုပ် လီကွမ်ယုရဲ့မွေးဖွားစဉ်မှ ကောလိပ်ရောက်သည်အထိ ဘဝဖြတ်သန်းပုံကို လူငယ်များအတွက် မိတ်ဆက်ပေးထားပါတယ်။ ဒီစာအုပ်ရဲ့ နောက်ဆက်တွဲအဖြစ် “လီကွမ်ယုရဲ့ ဆယ်ကျော်သက်ဘဝဖြတ်သန်းပုံ အရွယ်ရောက်စ”နဲ့ “စင်ကာပူနိုင်ငံ တည်ထောင်ခဲ့ပုံ နိုင်ငံတစ်ခုတည်ဆောက်ခြင်း”ဆိုတဲ့ စာအုပ်နှစ်အုပ်ကိုလည်း လူငယ်များ လေးစားအားကျအတုယူ ဖတ်ရှုနိုင်ဖို့ သီးခြားတင်ဆက်ပေးထားလို့ စာအုပ်တွဲ ၃ အုပ် ထွက်ရှိတာပါ။



AST00011
1,800.00 KS

mgyoe.com

mgyoe.com

ဟယ်ရီလို့ခေါ်တဲ့လူငယ်လေးတစ်ယောက်၊ အောင်စည်သာ
အပြင်အဆင် - နိုင်ခွန်အား၊ စာမျက်နှာ ၄၀ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဖိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

စင်ကာပူအမျိုးသားခေါင်းဆောင်ကြီးလီကွမ်ယုရဲ့ငယ်ဘဝ

# ဟယ်ရီ လို့ခေါ်တဲ့ လူငယ်လေးတစ်ယောက်

# The Childhood of Lee Kuan Yew
# A Boy Named HARRY

**Patrick Yee**

အောင်စည်သာ
မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

The Childhood of Lee Kuan Yew


A Boy Named

HARRY

Patrick Yee

mgyoe.com

mgyoe.com




mgyoe.com


mgyoe.com
mgyoe.com

mgyoe.com

စင်ကာပူအမျိုးသားခေါင်းဆောင်ကြီး
လီကွမ်ယုရဲ့ ငယ်ဘဝ

# ဟယ်ရီလို့ခေါ်တဲ့
# လူငယ်လေးတစ်ယောက်

(မြန်မာပြန်)
အောင်စည်သာ



# A Boy Named Harry

The Childhood of Lee Kuan Yew

Illustrated by
PATRICK YEE


mgyoe.com

mgyoe.com

ဟယ်ရီဟာ ညာဏ်ကောင်းတဲ့ ကလေးတစ်ယောက်ပါ။ အခြားသော ညာဏ်ထက်တဲ့ကလေးတွေလိုပဲ ဟယ်ရီမှာလည်း ညှဉ့်ဆိုးလေးအချို့ရှိပါတယ်။ တစ်ခါတော့ အဲဒီအဆော့သန်တဲ့ကိစ္စကြောင့်ပဲ ဟယ်ရီတစ်ယောက်ကို သူ့ရဲ့အဖေက နားရွက်ကကိုင်ပြီး ရေတွင်းပေါ် တွဲလောင်းဆွဲထားတဲ့အထိ စိတ်ဆိုးမာန်ဆိုး ပြုလုပ်ခဲ့ဖူးပါတယ်။

ခြေထောက်နှစ်ဖက်က ရေတွင်းပေါ်က လေဟာနယ်ထဲ ဝဲနေတာတောင် ဟယ်ရီတစ်ယောက် မငိုဘဲ ကြိတ်မှိတ်ခံပါတယ်။ အင်မတန် နာကျင်နေတာတောင် သူက ကြံ့ကြံ့ခံဆဲပါပဲ။

ဟယ်ရီ့အဖေက သူ့ကိုလွှတ်ပေးခဲ့သလား၊ အဲဒါကို ဟယ်ရီမသိပါဘူး။ သူ ခံစားရတာက သူဆော့လိုက်တဲ့ သူ့အဖေရဲ့တန်ဖိုးကြီး ခေါင်းလိမ်းဆီဘူးအတွက် အလွန်ပဲ စိတ်မကောင်းဖြစ်ခဲ့မိတယ်ဆိုတာပါပဲ။






mgyoe.com



mgyoe.com
mgyoe.com


mgyoe.com

ကံကောင်းထောက်မစွာဘဲ ဟယ်ရီ့အဖေက ဟယ်ရီကို ရေတွင်းထဲ ပစ်မချခဲ့ပါဘူး။ အဲဒီအချိန်က သူဟာ လေးနှစ်သားပဲ ရှိပါသေးတယ်။ ပြီးတော့ လေးနှစ်အရွယ် ဟယ်ရီမှာ လုပ်စရာများစွာ ရှိပါတယ်။ အဓိက.ကတော့ အိမ်နီးနားချင်းတွေဖြစ်တဲ့ တရုတ်တံငါသည်တွေ၊ မလေးလူမျိုးတွေရဲ့သားသမီးတွေနဲ့ ဆော့ကစားဖို့ပါ။ တဲလော့ကူရူး (Telok Kurau) မှာရှိတဲ့ သူတို့အိမ်နားမှာ နေထိုင်ကြသူတွေပေါ့။





mgyoe.com



mgyoe.com

mgyoe.com

၁၉၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ မွေးတဲ့ ဟယ်ရီဟာ ဖခင်လီချင်ကွန်း (Lee Chin Koon) နဲ့ မိခင် ချွာဂျင်မ်ညို (Chua Jim Neo) တို့ရဲ့သားဦးရတနာပါ။ မိသားစုနဲ့ မိတ်ဆွေတွေက အဲဒီကလေးကို "လင်းလက်ခြင်းနှင့် တောက်ပခြင်း" လို့ အဓိပ္ပာယ်ရတဲ့ ကွမ်ယု (Kuan Yew) လို့ အမည်ပေးဖို့ အကြံပြုကြပါတယ်။





mgyoe.com

mgyoe.com



အနောက်တိုင်းဆန်တဲ့ ဟယ်ရီရဲ့ချစ်လှစွာသော အဘိုး ကွမ်း (Kung) ကတော့ ကလေးကို ဘိုဆန်ဆန် ဟယ်ရီလို့ပဲ နာမည်ပေးခဲ့ပါတယ်။



mgyoe.com

mgyoe.com




ဟယ်ရီ မွေးခါစက အမှတ် ၉၂၊ ကပုန်းဂျာဗားလမ်းမှာရှိတဲ့ နှစ်ထပ်အိမ်မှာ နေရပါတယ်။ သိပ်မကြာခင်မှာပဲ ဟယ်ရီတို့မိသားစုဟာ တဲ့လော့ကူရူး (Telok Kurau) မှာ ရှိတဲ့ ပိုပြီးကြီးမားတဲ့ သစ်သား အုတ်ညှပ်အိမ်ကြီးဆီ ရွှေ့ပြောင်းခဲ့ပါတယ်။

ဟယ်ရီသုံးနှစ်အရွယ်မှာ ညီလေး ကင်ယု (Kim Yew) မွေးပြီး အစ်ကိုတစ်ယောက် ဖြစ်လာပါပြီ။ နောက်တော့ ဟယ်ရီတို့မိသားစုမှာ သီယမ်ယု (Thiam Yew) နဲ့ ဆွမ်ယု (Suan Yew) နှစ်ယောက် တိုးလာခဲ့ပါတယ်၊ ပြီးတော့ သူတို့ရဲ့ညီမလေးကင်မွန်း (Kim Mon) ပေါ့။ ကလေး ၅ ယောက်လုံးဟာ သူတို့မိဘတွေနဲ့ တစ်ခန်းတည်း အိပ်ကြရပါတယ်၊ အခြားသော တစ်ဝမ်းကွဲ မောင်နှမ ၇ ယောက်နဲ့ တစ်အိမ်တည်း အတူနေရတဲ့အတွက်လည်း ဟယ်ရီတို့မောင်နှမတွေ တစ်ခါမှ မပျင်းခဲ့ရပါဘူး။



mgyoe.com



mgyoe.com

mgyoe.com

ဟယ်ရီငယ်စဉ်က အိမ်မှာ TV ဆိုတာ မရှိသလို သူ့မှာ ကစားစရာတွေ အများကြီးလည်း မရှိခဲ့ပါဘူး။ သူက ဂျင်ပေါက်ရတာ၊ ဂေါ်လီပစ်ရတာ၊ စွန်လွှတ်ရတာတွေကို အလွန်ပဲ ကြိုက်သလို ငါးတိုက်ခြင်းဟာလည်း သူနှစ်သက်တဲ့ ကစားနည်းတစ်ခုပါ။ အဲဒီကစားနည်းတွေက သူ့ရဲ့ပြိုင်ချင်ဆိုင်ချင်စိတ်ကို ပိုတိုးစေပြီး၊ ဟယ်ရီလေးဟာ ကစားတိုင်း အနိုင်လိုချင်ခဲ့တဲ့ ကလေးတစ်ယောက်ပေါ့။





mgyoe.com

mgyoe.com







mgyoe.com